# တီဘီရောဂါ အစီပွါယ်



## 1 တီဘီရောဂါဆိုသည်မှာ

- တီဘီပိုး ကူးစက်ခြင်းကြောင့် ဖြစ်သော အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါဖြစ်ပါသည်။ များသောအားဖြင့် အဆုတ်တွင် အဖြစ်များပေမဲ့ အခြား ခန္ဓာကိုယ်အစိတ်အပိုင်းများတွင်လည်း ဖြစ်တတ်ပါသည်။



## 2 တီဘီရောဂါက ဘယ်လို ကူးစက်တတ်သလဲ။

- ကူးစက်တတ်သော အဆုတ်တီဘီပိုးရှိသူမှ ချောင်းဆိုးခြင်း၊ နှာချေခြင်း သို့မဟုတ် စကားပြောရာမှ တီဘီပိုးသည် လေထဲမှတစ်ဆင့် အခြားသူ၏ အဆုတ်ထဲသို့ ဝင်ရောက်သွားခြင်းဖြင့် တီဘီပိုး ကူးစက်ခံရတတ်ပါသည်။




# အမေးအဖြေ (Q&A)

KOREA DISEASE CONTROL AND PREVENTION AGENCY



## Q1 တီဘီရောဂါ ဆေးကုသစရိတ်ကရော?

**A1** (ကျန်းမာရေးအာမခံ ရှိသူ)

တီဘီရောဂါ ဆေးကုသမှု ပြီးဆုံးသည်အထိ ကုန်ကျစရိတ် အားလုံး အခမဲ့ ဖြစ်ပါသည်။

* သို့သော်၊ ထမင်းစရိတ်၊ အချို့သော အာမခံထဲ အကျုံးမဝင်သည့် စရိတ်များကတော့ ကာယကံရှင်မှ ကုန်ကျခံရနိုင်ပါသည်။

(ကျန်းမာရေးအာမခံ မရှိသူ)

တီဘီရောဂါ ဆေးကုသမှု ကုန်ကျစရိတ် အားလုံး ကာယကံရှင်မှ ကုန်ကျခံရမှာ ဖြစ်ပေမဲ့၊ ဒေသန္တရကျန်းမာရေး သို့မဟုတ် အမျိုးသားတီဘီဆေးရုံ* တို့မှာတော့ အခမဲ့ ဆေးကုသမှု ခံယူနိုင်ပါသည်။

* သို့သော်၊ ထမင်းစရိတ်၊ အချို့သော အာမခံထဲ အကျုံးမဝင်သည့် စရိတ်များကတော့ ကာယကံရှင်မှ ကုန်ကျခံရနိုင်ပါသည်။

* ကာလတို သို့မဟုတ် ဗီဇာမရှိဘဲ နေထိုင်နေစဉ် အတောအတွင်း ဆေးယဉ်ပါးတီဘီရောဂါ ဖြစ်ပါက ကန့်သတ်ဘတ်ဂျက်ဘောင်ထဲမှ ကူးစက်နိုင်စွမ်း ပပျောက်သည်အထိ ထောက်ပံ့မှု ရနိုင်ပါသည်။

### အမျိုးသားတီဘီဆေးရုံ လမ်းညွှန်

| အမျိုးသားမာဆန်ဆေးရုံ | အမျိုးသားမို့ဖိုဆေးရုံ |
|---|---|
|  |  |
| ဂရောင်းနမ်း ချန်းဝန်းရှိ မာဆန်ဟက်ဖိုဂူ ဂါဖိုရို 215 | ဂျောင်းနမ်း မို့ဖိုရှိ ရှင်းဂျီမာအူးလ် 1ဂီးလ် 75 |
| 055-249-5051 | 061-280-1114 |

## Q2 ပြည်တော်ပြန်ပြီး အမိနိုင်ငံတွင် တီဘီရောဂါ ဆေးကုသမှု ခံယူချင်ပါသည်။ ပြန်သွားပြီးရင် ကိုရီးယားကို ပြန်လာလို့ မရတော့ဘူးလား။

**A2** မဟုတ်ပါဘူး။ ပြည်တော်ပြန်ပြီး အမိနိုင်ငံတွင် တီဘီရောဂါ ဆေးကုသမှု ခံယူပြီး အရှင်းပျောက်သွားပြီးဖြစ်ကြောင်း အတည်ပြု*လို့ ရရင် ကိုရီးယားသို့ ပြန်လာနိုင်ပါသည်။

* အမိနိုင်ငံ အခြေစိုက် ကိုရီးယားသမ္မတနိုင်ငံ သံရုံး(ကောင်စစ်ဝန်ရုံး)တွင် ဆေးကုသပျောက်ကင်းမှု အတည်ပြုလက်မှတ် တင်ပြရန် လိုအပ်ပါသည်။

## Q3 တီဘီရောဂါ ကုသခြင်းကို မိမိသဘောဖြင့် ရပ်လိုက်ခြင်း သို့မဟုတ် ဆေးကုသမှုအား မလိုက်နာပါက ဘယ်လို ဖြစ်တတ်ပါသလဲ။

**A3** ကိုရီးယားသမ္မတနိုင်ငံတွင် တီဘီရောဂါ ကုသနေစဉ် 'ကုသမှုအား မလိုက်နာခြင်း' သို့မဟုတ် 'ကုသမှုအား ရပ်လိုက်ခြင်း' များ လုပ်ပါက ကြပ်မတ်စောင့်ကြည့်ရမည့်သူအဖြစ် စာရင်းသွင်းခံရမှာ ဖြစ်ပါသည်။ သက်ဆိုင်ရာ ဒေသန္တရကျန်းမာရေးမှ ဆေးရုံးတက်ရန် အမိန့်ပေးခြင်း စသည်တို့ကို လုပ်ဆောင်နိုင်ပြီး၊ ပြည်ပသို့ ထွက်ခွာသွားကြောင်း အတည်ပြု* ပြီးပါက ပြည်ဝင်ခွင့် ပိတ်ခြင်း** များ ခံရနိုင်ပါသည်။

* သက်ဆိုင်ရာ ဒေသန္တရကျန်းမာရေးမှ ကူးစက်ရောဂါထိန်းသိမ်းမှုဌာန (သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးရုံး)တို့မှ တစ်ဆင့် ပြည်ဝင်ပြည်ထွက်မှတ်တမ်းအား စစ်ဆေးကြည့်ပြီး အမိနိုင်ငံသို့ ပြန်သွားခြင်း ရှိမရှိ စစ်ဆေးနိုင်

** အမိနိုင်ငံတွင် တီဘီရောဂါ ဆေးကုသမှုပြီးဆုံးကြောင်း အတည်ပြု (အမိနိုင်ငံ အခြေစိုက် ကိုရီးယားသမ္မတနိုင်ငံ သံရုံး(ကောင်စစ်ဝန်ရုံး)တွင် ကုသပျောက်ကင်းကြောင်း အတည်ပြုလက်မှတ် တင်ပြရန် လိုအပ်) ပြီးရင် ပြည်ဝင်ခွင့် ပိတ်ထားခြင်းအား ပယ်ဖျက်နိုင်ပါသည်။

KOREAN (한국어)

BURMESE (미얀마어)

နိုင်ငံခြားသား တီဘီရောဂါသည်များအတွက်

# တီဘီရောဂါ

## ဆေးကုသမှုဆိုင်ရာလမ်းညွှန်များ




KDCA Korea Disease Control and Prevention Agency

결핵 ZERO

완치가능한 결핵 Management of TB Patients

# တီဘီရောဂါ စစ်ခြင်း

KOREA DISEASE CONTROL AND PREVENTION AGENCY



## 1 တီဘီရောဂါ၏ အဓိက လက္ခဏာများမှာ?



2ပတ်နှင့်အထက် ချောင်းဆိုးခြင်း



ကိုယ်အလေးချိန် ကျဆင်းခြင်း



ကိုယ်ပူခြင်း



ညအချိန်ချွေး ထွက်ခြင်း



ခန္ဓာကိုယ်တစ်ခုလုံး အားမရှိခြင်း



အစားအသောက် စားချင်စိတ် မရှိခြင်း

## 2 တီဘီရောဂါ သံသယရှိပါက ဘယ်လိုလုပ်ရမလဲ။

- နီးစပ်ရာဒေသန္တရကျန်းမာရေးဌာန သို့မဟုတ် ဆေးရုံဆေးခန်းသို့ သွားပြီး တီဘီရောဂါ စစ်ဆေးမှု ခံယူကြည့်ပါ။

### တီဘီရောဂါ စစ်ဆေးမှု ကုန်ကျစရိတ်

ဒေသန္တရကျန်းမာရေး



အခမဲ့

ဆေးရုံဆေးခန်း



ကာယကံရှင် ကုန်ကျခံရမည်။

## 3 တီဘီရောဂါစစ်သည့်အခါ ဘယ်လိုမျိုး စစ်ပါသလဲ။



### ① X-ray ရိုက်ပြီး စစ်ခြင်း

- တီဘီရောဂါ ရှိမရှိ သိနိုင်ရန် အခြေခံ စစ်ဆေးမှုဖြစ်ပါသည်။
- အဖြေ 'တီဘီ သံသယရှိ' ဟု ထွက်လာပါက၊ သလိပ်စစ်ပြီး တီဘီ ဟုတ်မဟုတ် စစ်ဆေးအတည်ပြုရမှာ ဖြစ်ပါသည်။



### ② သလိပ်စစ်ခြင်း

- သလိပ် ယူပြီး တီဘီပိုး ရှိမရှိ၊ စစ်ဆေးခြင်း ဖြစ်ပါသည်။။
- တီဘီဟု အဖြေထွက်လာပါက၊ ဆေးကုသမှု မဖြစ်မနေ ခံယူရမည် ဖြစ်ပါသည်။

# တီဘီရောဂါ ဆေးကုသမှု

KOREA DISEASE CONTROL AND PREVENTION AGENCY



## 1 ရိုးရိုးတီဘီ ဆေးကုသမှု

- တီဘီရောဂါသည် ပုံမှန် 6လနှင့် အထက် တစိုက်မတ်မတ် ဆေးကုသမှု ခံယူလိုက်ရင် ပျောက်ကင်း နိုင်ပါသည်။ ဆေးသောက်နေစဉ် အတောအတွင်းမှာ သက်သာသွားပြီဆိုပြီး မိမိသဘောဖြင့် ဆေးသောက်ခြင်းအား ရပ်လိုက်ခြင်း သို့မဟုတ် ဆေးရုံသို့ ပြန်မသွားပါက ပြန်ဖြစ် နိုင်သည့်အတွက် တာဝန်ခံ ဆရာဝန်မှ ဆေးကုသမှု ပြီးဆုံးပြီဟု ပြောသည့်အချိန်အထိ ဆေးကုသမှုကို ခံယူရမည် ဖြစ်ပါသည်။




* ရိုးရိုး တီဘီဆေး



### ကူးစက်တတ်သော တီဘီလူနာများ လိုက်နာရန် စည်းမျဉ်းများ

1. လေဝင်လေထွက် ကောင်းသော သီးသန့် အခန်းကို တစ်ဦးတည်း အသုံးပြုရန်
2. ချောင်းဆိုး၊ နှာချေသည့် အခါ တစ်ရှူးဖြင့် ပါးစပ်နှင့် နှာခေါင်းအား ကာရန်၊ အသုံးပြုပြီးသား တစ်ရှူးကို အဖုံးပါရှိသည့် အမှိုက်ပုံးထဲသို့ ပစ်ရန်။
3. ဆေးကုသမှု ခံယူရန် စသဖြင့် အပြင်ထွက်သည့်အခါမှာ နှာခေါင်းစည်းကို မဖြစ်မနေ တပ်ရန်

## 2 ဆေးယဉ်ပါးတီဘီ ဆေးကုသမှု

- ဆေးယဉ်ပါးတီဘီသည် ရိုးရိုးတီဘီထက်ဆေးကုသမှုကာလ ပိုကြာပြီး (ပုံမှန် 6လမှ လ 20) သောက်ဆေးများမှာလည်း ရှုပ်ထွေးပါသည်။ အတွေ့အကြုံများသော အထူးကုဆရာဝန်များနှင့် ဆေးကုသမှု ခံယူပါ။

### ဆေးယဉ်ပါးတီဘီဆိုသည်မှာ

တီဘီရောဂါ ကုသမှုတွင် အသုံးပြုသည့် တီဘီဆေး 2မျိုး(Isoniazid, Rifampin) နှင့် ယဉ်ပါးသွားသည့် တီဘီရောဂါကို ဆိုလိုပါသည်။

### ဆေးယဉ်ပါးတီဘီက ဘာကြောင့် ဖြစ်တာလဲ။

အစကတည်းက ဆေးယဉ်ပါးတီဘီပိုး ကူးစက်ခံရခြင်း သို့မဟုတ် လူနာမှ ဆေးညွှန်းအတိုင်း ဆေးကို ပုံမှန် မသောက်ခြင်း သို့မဟုတ် ဆေးသောက်ခြင်းကို စောစီးစွာ ရပ်တန့်လိုက်သည့် အခါမျိုးမှာ ဖြစ်တတ်ပါသည်။

### ဆေးယဉ်ပါးတီဘီရောဂါ အထူးကုဆေးရုံဆေးခန်း လမ်းညွှန်